**အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားချုပ်ဆိုခဲ့သော စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု မူဘောင်သဘောတူညီချက်ဆိုင်ရာ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြုစာချုပ် အသက်ဝင်လာပြီဖြစ်သည့်အတွက် လက်ရှိအသုံးပြုလျှက်ရှိ သည့် Form E နေရာတွင် Form E ပုံစံအသစ်များဖြင့် ပြောင်းလဲအသုံးပြုတော့မည်ဖြစ်ကြောင်း အသိပေးကြေငြာခြင်း**

၁။ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက်ဆိုင်ရာ ကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြု စာချုပ်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၂-၁၁-၂၀၁၀ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ အခြေပြုသဘောတူစာချုပ်အား အသေးစိတ်သိလိုပါက www.commerce.gov.mm တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

၂။ အဆိုပါ အခြေပြုစာချုပ်အရ အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပြုရာတွင် အကောက်ခွန်သက်သာခွင့်ရရှိခံစားနိုင်ရေးအတွက် အသုံးပြုလျှက်ရှိသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form E များကို လက်ရှိအသုံးပြုလျှက်ရှိသည့် ပုံစံများအစား ပုံစံအသစ်များဖြင့် ပြောင်းလဲအသုံးပြုတော့မည်ဖြစ်ပါသည်။ ပုံစံအဟောင်းတွင် ဖြည့်စွက်ရန် အကွက် (၁၂) ကွက်သာ ပါရှိသော်လည်း၊ ယခုပြင်ဆင်အသုံးပြုမည့် ပုံစံအသစ်တွင် အကွက် (၁၃)ကွက် ပါရှိပါသည်။ ပုံစံအဟောင်းသည် ထုတ်ပေးသည့်နေ့မှ (၄)လအထိသာ သက်တမ်းရှိသော်လည်း၊ ယခုပြင်ဆင်အသုံးပြုမည့် ပုံစံအသစ်မှာမူ ထုတ်ပေးသည့်နေ့မှ (၁)နှစ် သက်တမ်းရှိမည်ဖြစ်ပါသည်။ လက်ရှိအသုံးပြုလျှက်ရှိသည့် ပုံစံ (၁)စုံတွင် အစောင်အရေအတွက် (၄)စောင် ပါဝင်ပြီး၊ အသစ်ပြင်ဆင်ထားသည့် ပုံစံ (၁) စုံတွင် အစောင်အရေအတွက် (၃) စောင်ပါရှိပါသည်။

၃။ Form E ကို အသုံးချ၍ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ တင်ပို့ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများမှ ၄င်းတို့နှင့်ကုန်သွယ်မှုပြုနေသည့် ကုန်စည်များအပေါ် အကောက်ခွန်လျှော့ချပေးမည်ဖြစ်ပါသည်။

၄။ ၄င်းအကောက်ခွန် လျှော့ချ ဖယ်ရှားပေးမှုကို မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များ အကျိုးခံစားခွင့်ရရှိနိုင် ရေးအတွက် Form E များအား ပုံစံအသစ်များဖြင့် (၂၅-၃-၂၀၁၁)ရက်နေ့မှစ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးမည်ဖြစ်၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်နှင့် ရန်ကုန်ရုံးခွဲ)၊ သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန (သက်ဆိုင်ရာနယ်စပ်စခန်းများ) တွင် လျှောက်ထား ရယူနိုင်မည်ဖြစ်ပါသည်။ ပြောင်းလဲအသုံးပြုမည့် Form ပုံစံအသစ်အား လေ့လာနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။

၅။ သို့ဖြစ်ရာ မြန်မာ့ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု ဒေသအရ အကောက်ခွန်လျှော့ချဖယ်ရှားပေးမည့် အခွင့်အရေးကို ထိရောက်စွာအသုံးချ၍ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန